# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

# ၁၉၆၄ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့်ဥပဒေ။

**[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၇။]**

**၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်။**

**(၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်။)**

အောက်ဖော်ပြပါဥပဒေ ကိုထုတ်ပြန်ကျေညာသည်။

## နိဒါန်း

တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်၍ ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးရှိလုပ်သားပြည်သူ အပေါင်းတို့၏ ဘဝကိုမြှင့်တင် ရန်အတွက် လိုအပ်သည့် လုပ်ငန်းအသီးသီးကို ဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ငန်းများသည် လုပ်သားပြည်သူတို့ကို အကျိုးပြုသော်လည်း ခေါင်းပုံဖြတ်သမား၊ အမြတ်ကြီးစားတို့ကို အကျိုးမပြုသဖြင့်၊ ၎င်းတို့၏ ဆန့်ကျင်မှုကို နေ့စဉ်နှင့်အမျှ ခံရလျက်ရှိသည်။

နိုင်ငံခြားနှင့် တိုင်းရင်းသား အရင်းရှင်ကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံ ၏စီးပွါးရေးကို မချုပ်ချယ် နိုင်စေရန် ရည်ရွယ်၍ ဘဏ်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခဲ့ စဉ်ကတိုင်းရင်းသား နှင့်နိုင်ငံခြားသား ငွေရှင်ကြေးရှင်အမြောက်အမြားသည် ဘဏ်များတွင်၎င်းတို့ အပ်နှံထားသောငွေများကို ပြန်လည်ထုတ် ယူ၍၊ ဘဏ်လုပ်ငန်းပြည်သူပိုင် ပြုလုပ်ခြင်းကို ဆန့်ကျင်ခဲ့ကြသည်။

လုပ်သားပြည်သူတို့၏ စား-ဝတ်-နေရေးစရိတ် တည်ငြိမ်စေရန် ရည်ရွယ်၍ ကုန်ဈေးနှုန်းများ မတန် တဆတိုးတက်နေသည် ကိုတားဆီးရန်အတွက် နိုင်ငံခြားကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို ပြည်သူပိုင် ပြုလုပ်သည့်အခါ တွင်သော်၎င်း၊ လက်ကားဆိုင်ကြီးများ၊ ကုန်ရုံကြီးများ၊ ပွဲရုံကြီးများ ကိုပြည်သူပိုင်ပြုလုပ်သော အခါတွင်သော်၎င်း တိုင်းရင်းသားနှင့် နိုင်ငံခြားသား ငွေရှင်ကြေးရှင်များ သည်၎င်းတို့သိုဝှက်ထားသည့် ပစ္စည်းများကို အမြန်ငွေစက္ကူများဖြင့် လဲလှယ်ထားကြသည်။ ထိုငွေစက္ကူများဖြင့်၎င်း၊ ဘဏ်မှထုတ်ယူထားသည့် ငွေစက္ကူများဖြင့်၎င်း အခါအခွင့်ရလျှင် ရသလိုကုန်များကို ဈေးကစား ၍ရုတ်ခြည်းအမြတ် အများဆုံးထုတ်ယူရန် လုပ်ကိုင်ပြန်သည်။

အချို့သော သူများသည်နိုင်ငံခြားများသို့ ငွေစက္ကူများကို ခိုးထုတ်ခါမတန်တဆဈေး ဖြင့်နိုင်ငံခြား ငွေစက္ကူများကို ဝယ်ယူကြသည်။

ဤသို့လျှင်ငွေစက္ကူများကို ကုန်ပစ္စည်းသဘွယ်ကိုင်၍ လုပ်ကိုင်လာသည့် ငွေရှင်ကြေးရှင်လူတစု လက်ထဲတွင် ကျပ်တရာ တန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများစု ပုံမိတော့သည်။ ၎င်းငွေ စက္ကူများသည်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွါးရေးကို ကမောက်ကမဖြစ်စေ အောင်၊ လုပ်သားပြည်သူ တို့၏စားသောက်နေထိုင်ရေးကိုကျဆင်း အောင်လုပ်မည့် ပစ္စည်းများဖြစ်နေသည်။

ထို့ကြောင့်၊ ၎င်းငွေစက္ကူများ၏ အန္တရာယ်ကို ဖျက်ရန်လိုအပ်လာပေသည်။

တဘက်တွင်လည်း ကောင်းရောင်းကောင်းဝယ်ဖြင့် ရိုးရိုးသားသား စုဆောင်းမိ သည်တို့ကို ကျပ် တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများဖြင့်သိမ်းဆည်း ထားသူများလည်းရှိကြသည်။ ၎င်းတို့အတွက်မနစ်နာ အောင်စီစဉ်ရန်လည်း လိုပေသည်။ ထို့ကြောင့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေ အဖြစ်မှရုပ်စဲရမည်ဟု ကျေညာသော်လည်း ရက် သတ္တတပတ်အတွင်းမည်သူမဆို မိမိတရားဝင်ကိုင် ထားသည့်ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ် ငါးဆယ်တန်ငွေစက္ကူများကိုအစိုးရထံ လာရောက်အပ်နှံစေ၍ ထိုသို့အပ်နှံသည့် ငွေစက္ကူတန်ဘိုး ပမာဏထဲမှအချို့ကို တရားဝင်ငွေဖြင့် ချက်ခြင်းလဲလှယ်ပေးပြီး ကျန်တန်ဘိုးကို လူတဦးစီ၏ အခြေ အနေကိုကြည့်၍မည်မျှလဲလှယ်ပေးရမည်ကို သတ်မှတ်ပေးရပေမည်။

အထက်ပါအကြောင်းအရာများကို ထောက်ထား၍၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး ကောင်စီ ဥက္ကဋ္ဌသည်အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

**အခဏ်း ၁။**

**စကားချီး။**

၁။ ။ (၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ်စဲသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်ပြည်ထောင်စု မြန်မာနိုင်ငံတဝှမ်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

**အခဏ်း ၂။**

**ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ် စဲခြင်း။**

၂။ ။ ၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက်(၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်)ည ၇နာရီ မှစ၍ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်မှထုတ်ဝေထားသည့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူ များသည်တရား ဝင်ငွေအဖြစ်မှရုပ်စဲစေရမည်။ ဆိုလိုသည်မှာ ဖေါ်ပြပါငွေစက္ကူများသည် ဖေါ်ပြပါ အချိန်မှစ၍ တန်ဘိုးလုံးဝကင်းမဲ့၍ငွေရေးကြေးရေးပေးယူရန် ကိစ္စများတွင်ဖေါ်ပြ ပါငွေစက္ကူများကို အသုံးမပြုရ။

၃။ ။ (၁) ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို လက်ကိုင်ထားသူများသည် အစိုးရကသတ်မှတ်သည့် အချိန်အတွင်း အစိုးရကသတ်မှတ်သည့် ဌာနများတွင် အစိုးရက သတ်မှတ် သည့်

Myanmar Law Information System (MLIS)

နည်းအတိုင်းလက်ကိုင် ထားသည့် ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူ များကို လာရောက်အပ်နှံကြရမည်။

(၂) အထက်ပုဒ်မခွဲ(၁) အရ၊ ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူ များကိုလာ ရောက်အပ်နှံသူများအား အပ်နှံသည့်တန်ဘိုးထဲမှ မည်မျှကို လက်ငင်းတရားဝင် ငွေများဖြင့် လဲလှယ်ပေး၍၊ကျန်တန်ဘိုးအတွက် မည်သို့ဆောင်ရွက်ရမည်ကို အစိုးရက ညွှန်ကြားချက်ထုတ်၍ ပြဋ္ဌာန်းပေးရမည်။

## အခဏ်း ၃။

## ပြစ်ဒဏ်များ။

၄။ ။ (၁) ဤဥပဒေ၏ ရည်ရွယ်ချက်ကို ပျက်ပြားအောင်ပြုလုပ်သည့် သူသည်အနည်းဆုံး ဆယ်နှစ်အထိ ထောင်ဒဏ်၊ အများဆုံးသေဒဏ်အထိ စီရင်ခြင်းခံရမည်။

(၂) ဤဥပဒေ၏ ရည်ရွယ်ချက်ကို ပျက်ပြားအောင် ပြုလုပ်သည့် ကိစ္စများတွင်အောက်ပါတို့ အကျုံး ဝင်သည်။

(က) ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို မိမိပိုင်မဟုတ်ဘဲ မိမိပိုင် ဖြစ်ပါသည်ဟုဖေါ်ပြခြင်း။

(ခ) မိမိပိုင် ကျပ်တရာတန် ငွေစက္ကူများနှင့်ကျပ်ငါးဆယ်တန် ငွေစက္ကူများကို အခြားသူတဦးအပိုင် အဖြစ်၊ လိမ်လည်ဖေါ်ပြအောင် ဆောင်ရွက်ခြင်း။

(ဂ) ၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ရက် (၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်) ည၇နာရီ ၏နောက်ပိုင်းတွင် ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေ အဖြစ်အသုံးပြုခြင်း။

## အခဏ်း ၄။

## အထွေထွေ။

၅။ ။ (၁) အစိုးရသည် ဤဥပဒေ၏ ရည်ရွယ်ချက်ကို ထမြောက်စေရန် အတွက်လိုအပ်သော နည်းဥပဒေနှင့် ညွှန်ကြားချက်များကို ထုတ်နိုင်သည်။

(၂) အစိုးရသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် သင့်တော်သည့် ပုဂ္ဂိုလ်၊ သို့မဟုတ်အဖွဲ့ အစည်းကိုတာဝန်လွှဲအပ်နိုင်သည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ရက်။

Myanmar Law Information System (MLIS)

၁၉၆၄ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်စဲသည့်ဥပဒေ။
(၁၉၆၄ ခုနှစ်၊ မေလ ၁၇ရက်။)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)